ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃/၂၀၁၇)

| | |
|---|---|
| Mr. Luo Hong Wei (ပိုင်ရှင်)<br>တကောင်းတောင်နီကယ်စီမံကိန်း15 MCC ကုမ္ပဏီ၊<br>မောင်းကုန်းကျေးရွာ၊ ထီးချိုင့်မြို့။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးထွန်းထွန်းဝင်း(အလုပ်သမား)<br>ပဋ္ဌာန၊ လျှပ်စစ်ဌာန၊ တကောင်းတောင်နီကယ်စီမံကိန်း<br>15 MCC ကုမ္ပဏီ၊ ဒေါက်တာမြင့်လွင်ဆေးခန်း၊<br>မောင်းကုန်းကျေးရွာ၊ ထီးချိုင့်မြို့။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁ ရက်

**ဆုံးဖြတ်ချက်**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းကျေးရွာရှိ တကောင်းတောင်နီကယ်စီမံကိန်း15 MCC ကုမ္ပဏီ ပိုင်ရှင် Mr. Luo Hong Wei ၏ကိုယ်စား Mr. Li Dong Feng (H.R Manager) နှင့် အလုပ်သမား ဦးထွန်းထွန်းဝင်းတို့အကြား ဖြစ်ပွားကြသော အငြင်းပွားမှုကို ထီးချိုင့်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့်စစ်ကိုင်းတိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၇/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ ၁၀ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ အလုပ်သမား ဦးထွန်းထွန်းဝင်းမှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုသည်မှဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက် (၁) ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** တကောင်းတောင်နီကယ်စက်ရုံမှအလုပ်မှထုတ်ပယ်ခံရသည့်အလုပ်သမားဖြစ်သူ ဦးထွန်းထွန်းဝင်းမှ အလုပ်ပြန်လည်ရရှိလိုသဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ရှင်သည် အလုပ်သမားဖြစ်သူ ဦးထွန်းထွန်းဝင်းအား မူလနေရာ၊ မူလတာဝန်ဖြင့် အလုပ်ပြန်လည်ခန့်အပ်ရန်နှင့် အလုပ်မှထုတ်ပယ်သည့် (၁၄-၁၂-၂၀၁၆)ရက်နေ့မှစတင်၍ အလုပ်ပြန်လည်ခန့်ထားသည့်နေ့ရက်အထိ ၎င်း၏အချိန်ပိုကြေးမပါ၊ နောက်ဆုံးထုတ်လစာနှုန်းဖြင့် တွက်ချက်၍ ကြားကာလနစ်နာကြေးပေးရန် ဆုံးဖြတ်လိုက်သည်။

၅။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၇/၂၀၁၆) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၃/၂၀၁၇)အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးရဲနိုင်ဝင်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှအမှုတွဲကို လက်ခံရရှိပြီးနောက် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ဆောင်ရွက်ချက် စာရွက်စာတမ်းများနှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းများ၊ ခုံအဖွဲ့၏ရှေ့မှောက်တွင် ထွက်ဆိုချက်များ၊ တင်ပြသည့်စာရွက်စာတမ်းများအပေါ် မူတည်၍ အောက်ပါအတိုင်းကောက်ချက်အမှတ်(၁)ကို ရေးဆွဲချမှတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** တကောင်းတောင်နီကယ်စက်ရုံမှအလုပ်မှထုတ်ပယ်ခံရသည့်အလုပ်သမားဖြစ်သူ ဦးထွန်းထွန်းဝင်းအား အလုပ်ပြန်လည်ခန့်အပ်ရန် သင့်/မသင့်နှင့် ကြားကာလနစ်နာကြေး ရထိုက်/မရထိုက်။

**လေ့လာတွေ့ရှိချက်**

၇။ အလုပ်သမား အခွင့်အရေးအပြည့်အဝရရှိရေးနှင့် လုပ်ခလစာတိုးမြှင့်ရေးအတွက် ခွင့်ပြုချက်တောင်းခံ၍ ဆန္ဒထုတ်ဖော်မည့်အဖွဲ့ကို ဦးဆောင်သည်ဆိုသည့်စွပ်စွဲချက်ဖြင့် အလုပ်မှထုတ်ပယ်ခံရသည်ဟုဖော်ပြ၍ အလုပ်သမားက တိုင်ကြားသောအမှုဖြစ်ပါသည်။

၈။ ထီးချိုင့်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ထွက်ဆိုရာ၌ ၁၂-၁၂-၂၀၁၆ ရက်နေ့တွင် ငြိမ်းချမ်းစွာစုဝေးဆန္ဒပြခွင့်တင်သည်ကို အလုပ်ရှင်ဘက်ကသိရှိသဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်ချိုးဖောက်သည်ဟုဆိုကာ အလုပ်ထုတ်ခံရသည်ဟု အလုပ်သမားက ထွက်ဆို

ထားပါသည်။ ထို့ပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များပါ နိုင်ငံသားအခွင့်အရေးတောင်းဆိုမှုအပေါ် ကုမ္ပဏီမှအလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် ချိုးဖောက်သည်ဟုဆိုပြီး အလုပ်ထုတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ထွက်ဆိုထားပါသည်။ အလုပ်ရှင်ဘက်မှထွက်ဆိုရာတွင် ဆန္ဒမပြမီကပင် အလုပ်ချိန်အတွင်း အလုပ်သမားများကို ဆန္ဒပြရန်တိုက်တွန်းခြင်း၊ အားပေးခြင်း၊ စာရွက်ဝေခြင်း၊ အလုပ်သမားများထံမှ အလှူငွေကောက်ခံခြင်း၊ အလုပ်မဆင်းရန်နှိုးဆော်ခြင်း၊ အလုပ်သမားများအလုပ်ထုတ်ခံရလျှင် ဦးထွန်းထွန်းဝင်းမှ တာဝန်ယူဖြေရှင်းမည်ဟုစည်းရုံးပြောကြားခြင်း စသောအထောက်အထားမဲ့ တောင်းဆိုမှုများ၊ အကြောင်းမရှိအကြောင်းရှာ ပြုလုပ်မှုများကြောင့် စက်ရုံ၏ပုံမှန်ထုတ်လုပ်မှုကိုနှောင့်နှေးစေပြီး၊ မတည်မငြိမ်မှုကိုဖြစ်ပေါ်စေကာ ကုမ္ပဏီ၏အကျိုးစီးပွားကို ပျက်စီးစေခဲ့သဖြင့် အလုပ်ပြန်မခန့်နိုင်ကြောင်း ထွက်ဆိုထားပါသည်။

၉။ ခုံသမာဓိအဖွဲ့သို့ တောင်းဆိုလွှာတင်ပြရာတွင် အလုပ်သမားက အလုပ်ရှင်သည် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်၍ အလုပ်မှရပ်စဲကြောင်း၊ စာထုတ်ပြန်ခဲ့သဖြင့် ဥပဒေ၏ကာကွယ်စောင့်ရှောက်မှုကို မရရှိပါ၍ အလုပ်ပြန်လည်ရရှိရန်အတွက် တင်ပြသည်ဟုသာတောင်းဆိုခဲ့ပါသည်။ အလုပ်ရှင်က ချေပလွှာတွင် ကုမ္ပဏီ၏ အမည်ဂုဏ်သတင်းနှင့်အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မရိုးသားသောသဘောဖြင့် ဆန္ဒပြရန်စီစဉ်ဆောင်ရွက်ခြင်းကြောင့် အလုပ်မှရပ်စဲခြင်းဖြစ်ကြောင်း၊ ဆန္ဒထုတ်ဖော်ပွဲတွင် တောင်းဆိုသောအချက်များကို ကုမ္ပဏီမှတာဝန်ရှိသူများက ဝန်ထမ်းများနှင့်အတူ ဦးထွန်းထွန်းဝင်းအပါအဝင် ဆန္ဒပြခေါင်းဆောင်များကိုပါ ၂၃-၁၂-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားသော်လည်း ဦးထွန်းထွန်းဝင်းတက်ရောက်မှုမပြုခဲ့ကြောင်းဖော်ပြထားပါသည်။

၁၀။ ခုံသမာဓိအဖွဲ့မှ စစ်ဆေးရာတွင် အလုပ်သမားက ၁၂-၁၂-၂၀၁၆ ရက်နေ့တွင် ဆန္ဒပြခွင့်ပြုရန်အမိန့်အတွက် တင်ပြကြောင်းနှင့် ၁၄-၁၂-၂၀၁၆ ရက်နေ့တွင် အလုပ်ရပ်စဲခံရကြောင်း ထွက်ဆိုခဲ့ပါသည်။ အလုပ်ရှင်ဘက်ကမူ တင်ပြထားသည့်ချေပလွှာပါအချက်များကို ထည့်သွင်းစဉ်းစား၍ ဆုံးဖြတ်ပေးပါရန် ထွက်ဆိုခဲ့ပါသည်။

## သုံးသပ်ချက်

၁၁။ အလုပ်သမား ဆန္ဒပြရန်အတွက် ခွင့်တောင်းခံမှုကို အခြေခံ၍ အလုပ်သမားအား အလုပ်မှရပ်စဲခဲ့ခြင်းဖြစ်ပါသည်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် (၂)ကြိမ်သဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးမှုကို အလုပ်သမားက ဆန္ဒပြရန်လုပ်ဆောင်မှုဖြင့် ဖောက်ဖျက်သည်ဟုသတ်မှတ်နိုင်ခြင်းမရှိပါ ။ အလုပ်ရှင်ဘက်က ကုမ္ပဏီ၏အကျိုးစီးပွားပျက်စီးစေမှု၊ ကုန်ထုတ်လုပ်မှုကို နှောင့်နှေးစေမှု၊ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှုကိုပျက်စီးစေမှု စသည့်အကြောင်းများ

ကြောင့် အလုပ်ရပ်စဲသည်ဟုဖော်ပြခဲ့သော်လည်း တိကျသည့်ဖြစ်ရပ်အထောက်အထားများကို တင်ပြခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

**ဆုံးဖြတ်ချက်။** စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၇/၂၀၁၆) ပါ ဆုံးဖြတ်ချက်အမှတ်(၁)ကို အတည်ပြုကြောင်းဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးအောင်သန်း | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |